# နိုင်ငံတော်သမ္မတထံသို့မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏
# မေတ္တာရပ်ခံတင်ပြသည့်အိတ်ဖွင့်ပေးစာ
# သတင်းထုတ်ပြန်ချက်အမှတ် (၃/၂၀၁၁)

နိုင်ငံတော်သမ္မတခင်ဗျား-

၁။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် အကျဉ်းထောင်အတွင်း၌ရှိနေသူများအား လွှတ်ပေးရေးကိစ္စနှင့်ပတ်သတ်ပြီး တည်ဆဲဥပဒေကို ချိုးဖောက်လာသဖြင့် အကျဉ်းကျခံနေရသူများအနက် နိုင်ငံတော်တည်ငြိမ်ရေးနှင့် အများပြည်သူ အေးချမ်းသာယာရေးကို ထိပါးမည့်၊တိုင်းရင်းသားအကျိုးစီးပွားကို ထိပါးမည့်အန္တရာယ်မရှိနိုင်သော အကျဉ်းသားများကို လွှတ်ပေးခြင်းအားဖြင့် နိုင်ငံတော်တည်ဆောက်ရေးတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နိုင်ကြမည် ဖြစ်ပါ၍ နိုင်ငံတော်သမ္မတ၏ မေတ္တာစေတနာကို ထင်ဟပ်ဖော်ပြသည့်အနေဖြင့် ၎င်းတို့အား ကျခံနေရသော ပြစ်ဒဏ်အသီးသီးမှ လွတ်ငြိမ်းချမ်းသာခွင့်ပေးပြီး အကျဉ်းထောင်မှလွှတ်ပေးရေးကို အလေးထား စဉ်းစားပေးရန် ၂၀၁၁ ခုနှစ် အောက်တိုဘာလ ၁၀ ရက်စွဲပါ အိတ်ဖွင့်စာဖြင့် မေတ္တာရပ်ခံတင်ပြခဲ့ပါ သည်။

၂။ နိုင်ငံတော်သမ္မတကြီးအနေဖြင့်၂၀၁၁ ခုနှစ်၊အောက်တိုဘာ ၁၁ရက်နေ့တွင် အကျဉ်းကျနေသူ ၆၃၅၉ ဦးအား လွတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့ပါသဖြင့် များစွာအားရကျေနပ်မိပါသည်။

၃။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် အကျဉ်းသားများအား လွတ်ငြိမ်းချမ်းသာခွင့်ပေးရေးအတွက် အထက်ပါကဲ့သို့ ဆောင်ရွက်ခဲ့ခြင်းကိုလည်းကောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ခြင်းကိုလည်းကောင်း၊ ပြည်တွင်းပြည်ပမှ ထောက်ခံကြိုဆိုကြသည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ အခန်းကဏ္ဍကိုလည်း ပိုမိုစိတ်ဝင်စားကာ အသိအမှတ်ပြုလာကြသည်ဟု ယူဆရပါသည်။

၄။ မြန်မာနိုင်ငံအကျဉ်းထောင်များတွင် အကျဉ်းကျသူများအနက် အချို့မှာ နိုင်ငံရေး လှုပ်ရှားမှုပြုလုပ်ခဲ့သူများ ပါဝင်သော်လည်း ၎င်းတို့အကျဉ်းကျနေခြင်းသည် တည်ဆဲဥပဒေ ကို ချိုးဖောက်သဖြင့် ပြစ်ဒဏ်ကျခံနေရသူများဖြစ်သည်ဟူသော နိုင်ငံတော်အစိုးရ၏ ရပ်တည်ချက်ကိုလည်း ကော်မရှင်အနေဖြင့်လက်ခံသဘောပေါက်ပါသည်။ တစ်ဖက်တွင်လည်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် အချို့သောနိုင်ငံတို့က မြန်မာနိုင်ငံတွင် “ယုံကြည်ချက်ကြောင့်အကျဉ်းကျခံနေရသူများ” (“Prisoners of Conscience”) ဟု ဖော်ညွှန်းသော အကျဉ်းကျနေသူ ၂၀၀၀ နီးပါးရှိသည်ဟု ပြောကြားမှုများရှိပါသည်။ လွတ်ငြိမ်းချမ်းသာခွင့် ဖြင့် လွှတ်ပေးခဲ့သည့် အကျဉ်းသား ၆၃၅၉ဦးအနက် အဆိုပါစာရင်းဝင် အကျဉ်းသား ၂၀၀ ကျော်ခန့် ရှိသည်ဟုလည်း ပြောဆိုလျက်ရှိပါသည်။

၅။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ယခုကိစ္စနှင့် ပတ်သက်ပြီး သက်ဆိုင်ရာ ဌာနများသို့ မေးမြန်းစုံစမ်းခဲ့ရာတွင် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများသည် အနောက်နိုင်ငံအချို့နှင့် အခြားသတင်းအရင်းအမြစ်ဌာနများမှ ၂၀၀၀ နီးပါးရှိသည်ဟုဆိုသော စာရင်းကို တောင်းယူပြီး အကျဉ်းကျနေသူများစာရင်းနှင့်တိုက်၍ စစ်ဆေးရာတွင် ထိုစာရင်းအနက် အကျဉ်း ထောင်များတွင် ၅၀၀ ခန့် သာရှိကြောင်းသိရှိရပါသည်။ အဆိုပါ ၅၀၀ အနက် လွတ်ငြိမ်း ချမ်းသာခွင့်ဖြင့် ၂၀၀ကျော် လွှတ်ပေးခဲ့သည်ကို သိရှိရပါသဖြင့် များစွာကျေနပ်ဝမ်းမြောက်မိပါ သည်။

၆။ အဆိုပါကျန်ရှိသည့် အကျဉ်းကျနေသူများအပြင် နိုင်ငံတော်တည်ငြိမ်ရေးနှင့် အများပြည်သူ အေးချမ်းသာယာရေးကိုထိပါးမည့်၊ တိုင်းရင်းသားအကျိုးစီးပွားကိုထိပါးမည့် အန္တရာယ်မရှိနိုင်သော အကျဉ်းသားများ ကို ထပ်မံလွှတ်ပေးခြင်းဖြင့် နိုင်ငံတော်တည်ဆောက်ရေးတွင် ၎င်းတို့ တစ်တပ် တစ်အား ပါဝင်ဆောင်ရွက်နိုင်ကြမည့်အပြင် အမျိုးသားစည်းလုံးညီညွတ်ရေးကိုလည်း တစ်ဖက် တစ်လမ်းမှ အထောက်အကူဖြစ်စေလိမ့်မည်ဟုယူဆပါ သည်။

၇။ သို့ပါ၍ နိုင်ငံတော်သမ္မတ၏ စေတနာကို ထင်ဟပ်ဖော်ပြသည့်အနေဖြင့် နောက်တစ်ကြိမ် လွတ်ငြိမ်းချမ်းသာခွင့်ပြုသည့်အခါ အထက်ဖော်ပြပါ အကျဉ်းသားများကို ပြစ်ဒဏ်အသီးသီးမှ လွတ်ငြိမ်းချမ်းသာခွင့်ပေးပြီး အကျဉ်းထောင်မှလွှတ်ပေးရေးကို အလေးထား စဉ်းစားပေးပါရန် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်အနေဖြင့် ထပ်မံ မေတ္တာရပ်ခံတင်ပြအပ်ပါသည်။

၈။ အကျဉ်းကျခံနေရသူများအနက် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကိုထိန်းသိမ်းရန်လိုအပ်ချက် အရ လွတ်ငြိမ်းချမ်းသာခွင့်တွင် ထည့်သွင်းမပေးနိုင်သေးသည့်သူများ ရှိပါကလည်း ထိုသူများသည် မိသားစုနှင့် ဝေးလံသည့်ဒေသရှိ အကျဉ်းထောင်များတွင် ကျခံနေသူများဖြစ်ပါက မိသားစု တွေ့ဆုံ နိုင်ရန် သွားလာ၍ လွယ်ကူသည့် အကျဉ်းထောင်များသို့ ပြောင်းရွှေ့ပေးနိုင်ပါရန်လည်း စဉ်းစားပေး ပါရန် တင်ပြအပ်ပါသည်။

ရိုသေလေးစားစွာဖြင့်

(ပုံ) ဝင်းမြ

ဥက္ကဋ္ဌ

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ (ကိုယ်စား)

ရက်စွဲ၊၂၀၁၁ခုနှစ်၊နိုဝင်ဘာလ၁၂ရက်

နေရာ၊ရန်ကုန်မြို့